ရတနာသုံးပါးဂုဏ်တော်

နှင့်

ဝေဒဂုဏ်တော်ကိုးပါးဘကျိုး

P2P
ပန

သာသနာဓေရးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၁ ကောဇာ ခုဒ္ဓဂ ၁၉၆၇

ရတနာသုံးပါးဂုဏ်တော်

နှင့်

သာသနာဝေဂုဏ်းဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ခေါင်လ ၁၃ရက် ၁၉၇၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်း
(မှတ်ပုံတင်အမှတ်-၁၉၁[ယာယီ]၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

မကိုင်ထွတ်ဦးအောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ဇယစကြော ဇယန္တော ယော၊
ဇယိတဗေ ဇယာသနေ။
ဇယာပေသိ ဇေယသီနံ၊
ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယစကြော=ပါ ရ မီ တော် ဆယ်ချက်
အောင်လက်နက် ပိုင်ရှင် အကြင်
ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊
ဇယာသနေ=အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်
နန်းမှန်ကင်း အောင်ဗောဓိပင်ရင်းခ၌၊
ဇယိတဗေ=အောင်အပ်သည့် တရား မာန်ငါးပါး
အပေါင်းတို့ကို၊
ဇယန္တော=အကြင်းမဲ့ ( ) ချမှုန်းလျက် ဖျက်ဖြိုန်း
ကာ ပယ်ရှင်းရှိ အောင်ခြင်းကြီး
အောင်တော်မူခဲ့လေပြီ။

ဇယေသိန်=မြတ်နိုဗာန် အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မင် ဖိုလ်ကို မျှားထိုးထိုင် အ တုင်း မှ လှတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား၊

ဇယာပေသိ=ကိုယ်ဟော်မြတ်နှင့်အစ္စူ အောင်ပန်းကိုဆွတ်ချ၍ ထွတ်အင္ဂုအမြိုက် ဝတ်သို့ ဆိုက် ကပ်တော် မူစေ၍ အောင်စေတော်မူလေပြီ။

ဇယုတ္တရော=အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင့် ဟူတ်ဝေါင်မြတ် သရဖူ, သယမ္ဘူ ပဒေါ်ရိုသိုး, အောင်ပွဲဝင် ဟုဂ်လ်ကြီး ဖြစ်ပေထ၏သော၊

သော ဇယစကြော=အနုံးစုံ အောင်ခြင်းနှင့် ပြည့်စုံ တော်မူသော ထိုဘုရားရှင် ကိုယ်ဒတာ်မြတ်ကြီးသည်၊

မေ = မြတ်နိုဗ္ဗု အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်းရှိ ကြိုးပမ်းကာ အာသာ ကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား၊

ဇယံ = အောင်ခြင်းကို (၀၊) အောင်ပန်းဝေ မြိုင် အောင်ဖူးတော့ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို၊

ဒေတု = ပေးသနားတော်မူပါ အရှင်ဘုရား။

ရည်မှန်းချက်

ဗုဒ္ဓဘာသာဝင် တိုင်းပင် ဘုရားဂုဏ်တော် ၉-ပါးကို နှုတ်တက်ရကြသည်။ နေ့တိုင်း ရွတ်ကြသည်။ဂုဏ်တော် ၉ ပါးကို ရွတ်ဖတ်ပူဇော်လျှင် အနှစ်ရာယ်ကင်းသည်။ဘေးရှင်းသည်ဟု ယုံကြည်ကြသည်။မှန်ပါသည်။ ဂုဏ်တော် ၉-ပါးကို ရွတ်ဖတ် ပူဇော်သဖြင့် ကောင်းကျိုးများ ရနိုင်သည်မှာ ယုံမှားဖွယ် မရှိပါ။သို့သော်ငြားလည်း ဂုဏ်တော်တို့၏ အနက်အဓိပ္ပာယ်ကို သေသေချာချာ သိနားလည်ပြီး ရွတ်ဖတ် ပူဇော်မှသာလျှင် ပိုမို လေးနက်သည့် အကျိုးထူးများကို မုချရနိုင်ကြမည်ဖြစ်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားဂုဏ်တော် ၉-ပါး၏ အနက် အဓိပ္ပာယ်တို့ကို မြန်မာစကားပြေ သက်

သက်ဖြင့် မြန်မာစာတတ်သူတိုင်း သိနားလည်စေ ရန် ရည်ရွယ်၍ ဤစာအုပ်ငယ်ကလေးကို စီစဉ် ဖော်ရေးသားထားခြင်းဖြစ်ပါသည်။ ဂုဏ်တော်တို့၏ အနက် အဓိပ္ပာယ်ကို သိနားလည်လျှင် မြတ်စွာ ဘုရားကို လေးလေးနက်နက် ကြည်ညိုကာ ဆည်းကပ် ပူဇော်ကြပေမည်။ မြတ်စွာဘုရား၌ လေး လေးနက်နက် ကြည်ညိုလာလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော တရား၌ ယုံကြည်လာ မည်။ဘုရား တရား၌ ၊လေးလေးနက်နက် ကြည် ညိုလာလျှင် ဘုရား၏တပည့် သာဝက သံဃာ တော်များကို ကြည်ညိုလာမည်။ ဘုရား တရား သံဃာ ရတနာ ၃-ပါး၌ ၊လေးလေး နက်နက် ကြည်ညိုသူမှာ ကလျာဏပုဃုဇဉ် ဖြစ်ပေပြီ။

ဘုရားဂုဏ်ဇတော် ၉-ပါးကို နေ့သြမပြတ် ရွတ် ဖတ် ပူဇော်နိုင်ကြ၍ ကောင်းကျိုးဟူသမျှ ရကြ ပါစေသတည်း။

ဂုဏ်တော်၉-ပါးကို ဆင်ခြင်ရန် တိုက်တွန်းစကား

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ဂုဏ်တော် ၉-ပါးကို သိနားလည်ရန် အားထုတ်ကြရမည်။ ဂုဏ်တော် ၉-ပါးကို သိနားလည်ပြီး ဆင်ခြင်အောက်မေ့သူ၊ ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ပြီး ပုထုဇဉ်စိပ်သူဝန့်သည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးပြန်း ပွားများ အားထုတ်သူများပင် ဖြစ်ပေသည်။ ဤသို့ဘုရား ဂုဏ်တော်တို့ကို ဆင်ခြင်သူသည် ယခုအသက်ရှင်နေစဉ် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင် အောက်ပါအကျိုးထူးများကို ရသည်ဟု မဟာသတိပဋ္ဌာန် သုတ်တော်ကြီး၌ ဟောကြားတော်မူခဲ့သည်။ ယင်းအကျိုးများမှာ-

၁။ စိတ်စင်ကြယ်၍ ကြည်လင်သည်။

၂။ စိုးရိမ်ပူပန်ရခြင်း၊ ဝိုဏ်ကြွားမြည်ဟမ်း ပူပန်ရခြင်းတို့ကို လွန်မြောက်သည်။

၃။ ကိုယ်ဆင်းရဲခြင်း စိတ်နှလုံး မသာယာခြင်း တို့ ချုပ်ပျောက်သည်။

၄။ သံသရာ ဝဋ္ဌဆင်းရဲအပေါင်းမှ လွတ်မြောက်သည်။

၅။ မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ရသည်။

ဂုဏ်တော်ကိုးပါးကို သေသေချာချာ သိနားလည်ပြီး အဖန်ဖန် သတိမပြတ် အောက်မေ့ဆင်ခြင်သူသည် အထက်ပါအကျိုးငါးပါး အားလုံးတို့ကို ယခုဘဝ၌ပင် ရနိုင်သည်။ယုံမှားဖွယ် အလျှင်းမရှိပေ။

အကယ်၍ ပါရမီဓာတ်ခံ နုနယ် သေးလျှင် သော်မှ ပထမအကျိုး သုံးပါးကိုမူ ယခုမျက်မှောက်ဘဝ၌ပင် အချိန်မရွေး ရနိုင်သည်။ကျွန် ၂-ပါးကိုမူ အချိန်သင့်၍ ပါရမီဓာတ်ခံ ရင့်သန်သည့်အခါ မုချမလွဲ ရမည်ပင်ဖြစ်သည်။

ဂုဏ်တော်အသီးသီးတို့ကို ဆင်ခြင်ခြင်းအား ဖြင့် ဟောင်းကျိုးဟူသမျှ အားလုံးရသည်ချည်း ပင်ဖြစ်သည်။ သို့ရာတွင် ဂုဏ်တော်အသီးသီးတို့ ကို ဆင်ခြင်ခြင်းအားဖြင့် မိမိ၏ ပါရမီဓာတ်ခံ အလျောက် သီးခြား အကျိုးထူးများကိုလည်း ရနိုင်ပေသေးသည်။

ထင်ရှားအောင် ဖော်ပြပါအုံ့

၁။ အရဟံ ဂုဏ်တော်ကို ဆင်ခြင်လျှင် ဘေး-ရန်ခပ်သိမ်း ကင်းငြိမ်းသည်၊ သူတစ်ပါးတို့က လေးစားသည်။

၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို ဆင်ခြင်လျှင်-အသိဉာဏ် ပညာ ထိုးထွင်း တိုးပွားသည်၊ အသိဉာဏ်နှင့် စပ်လျဉ်းသည့် ကိစ္စအားလုံး အောင်မြင်သည်။

၃။ ဝိဇ္ဇာစရဏကသမ္ပန္နဂုဏ်တော်ကို ဆင်ခြင်လျှင်-ဘုန်းတန်ခိုးကြီးသည်။ လေးဝဲ့ရည် နှလုံးရည် အရည်အချင်း ၂-မျိုး တိုးပွားသည်။ သတ္တိ ဗျတ္တိနှင့် ပြည့်စုံနိုင်သည်။

၄။ သုဂတ ဂုဏ်တော်ကိုဆင်ခြင်လျှင်-သူတပါး လိုက ချစ်ခင်လေးစား ကူညီသည်၊ ချီးမြှင့်သည်။ မိမိ ဟောင့်တသမျှ ကောင်းကျိုးများ အောင်မြင်သည်၊ ရောက်လေရာရာ အဓိပတေ္တး မျက်နှာပွင့်လန်းသည်။

၅။ လောကဝိဒူ ဂုဏ်တော်ကို ဆင်ခြင်လျှင်-ဆရာ့ကာလ နေရာဌာန အားလျော်စွာ အကြံ အစည် ပြုသမျှ ကိစ္စ အားလုံးကို အလွယ်တကူ အောင်မြင်သည်၊ သူတစ်ပါးတို့ အကြံအစည်ကိုလည်း သိနိုင်သည်။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ကို ဆင်ခြင်လျှင်–သူဘစ်ပါးတို့က နိုင်ထက်ကလူ မပြုနိုင်၊ ဘုံပိုင် အဆိုင် ဟူသမျှ ဘနိုင်ရသည်။

၇။ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ကို ဆင်ခြင်လျှင်–အကြည်ညို ခံရသည်၊ အစဉ်ထာဝရ လေးစား ရိုသေမှု ခံရသည်၊ သြဇာအာဏာ ထက်မြက်သည်။

၈။ ဗုဒ္ဓ ဂုဏ်တော်ကို ဆင်ခြင်လျှင်–ကြုံတွေ့ရသည့် ပြဿနာဟူသမျှကို ဖြေရှင်းနိုင်သည်။

၉။ ဘဂဝါ ဂုဏ်တော်ကို ဆင်ခြင်လျှင်–လူချစ်လူခင်ပေါမျှားသည်၊ အားလုံးကကြည်ညိုကြသည်၊ အခြေအရံ ပေါမျှားသည်။

စင်စစ်မှာ ဂုဏ်တော် တစ်ပါးကို ဆင်ခြင်အောက်မေ့လျှင်ပင် အကျိုးအားလုံး ပြီးစီးပါ

သည်။ တနှယ်ငင် တစင်ပါဖြစ်ပါသည်။ သို့ရာတွင် စိတ်ညွှတ်သည့်အလိုက် မိမိအကြိုက်နှင့် လျော်သော ဂုဏ်တော်ကို ဆင်ခြင် အောက်မေ့ကြရန် အတွက်သာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ ဂုဏ်တော် ၉-ပါး ကို ဆင်ခြင်နိုင်ကြ၍ ကောင်းကျိုးဟူသမျှ ရကြပါစေသတည်း။

ဘုရားဂုဏ်တော် ၉-ပါး

ဣတိပိ သော ဘဂဝါ

(၁) အရဟံ

(၂) သမ္မာသမ္ဗုဒ္ဓေါ

(၃) ဝိဇ္ဇာ စရဏ သမ္ပန္နော

(၄) သုဂတော

(၅) လောကဝိဒူ

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ

(၇) သတ္ထာ ဒေဝမနုဿာနံ

(၈) ဗုဒ္ဓေါ

(၉) ဘဂဝါ။

တရားဂုဏ်တော် ၆-ပါး

 သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိ-
ကော၊ အကာလိကော၊ ဟေါ်ပဝါ်ကော၊ သြ-
နေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

(၁) သွာက္ခာတ
(၂) သန္ဒိဋ္ဌိက
(၃) အကာလိက
(၄) ဟေါ်ပဝါ်ကိ
(၅) သြပနေယျိက
(၆) ပစ္စတ္တံ ဝေဒိတဗ္ဗ။

သံယောဇုဏ်တော် ၉-ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ญายปฏิปนฺโน ภควโต สาวกสงฺโฆ
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

ယဒိဒံ စတ္တာရိပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော-

အာဟုနေယ္မော၊
ပါဟုနေယ္မော၊
ဒက္ခိဏေယ္မော၊
အဉ္ဇလိကရณီယော၊
အနုတ္တရံ پုญ္ญက္ခေတ္တံ လောကဿာတိ။

ဗုဒ္ဓဂုဏ်-၃ ပ-မ-သ-စ

ဂုဏ်တော် ၉-ပါးတို့၏ အဓိပ္ပာယ်အကျဉ်း

.....

၁။ **အရဟံ** = မြတ်ဗုဒ္ဓ ရှင် တော် ဘုရား သည် အမြင့်မြတ်ဆုံး အစင်ကြယ်ဆုံးသော သူတော်ကောင်းကြီး စင်စစ် ဖြစ်တော်မူသည်။ ထို့ကြောင့် အားလုံးတို့က ဦးထိပ်ထား၍ ရိုသေကော်ရော်ပူဇော်ထိုက်သည်။

၂။ **သမ္မာသမ္ဗုဒ္ဓေါ**= မြတ် ဗုဒ္ဓ ရှင် တော် ဘုရား သည် အတတ်ဆုံး အသိဆုံး အမြင့်ဆုံး အနက်နဲဆုံး ပညာရှိကြီးဖြစ်တော်မူသည်၊မသိတာဆိုရှိဘာမျှမရှိ။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** = မြတ် ဗုဒ္ဓ ရှင် တော် ဘုရားသည် ပြိုင်ဘက်မရှိ ဘုန်းတန်ခိုးကြီးတော်မူသည်။

၄။ **သုဂတော**=မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် သူတစ်ပါး အကျိုး ပရဟိတကိစ္စကို ဆောင်ရွက်ရာ၌ ပြိုင်ဘက်ကင်း ဖြစ်တော်မူသည်၊ သူတစ်ပါးတို့၏အကျိုး ဆောင်ကြီး ဖြစ်တော်မူသည်။

၅။ **လောကဝိဒူ**=မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် လောက အကြောင်းနှင့် တကွ သတ္တဝါအားလုံးတို့၏ စရိုက်အခြေခံ သဘော အနုအရင့်ကို အကြင်းမဲ့ အကုန်အစင် သိတော်မူသည်။ (ထို့ကြောင့် သတ္တဝါတို့၏ စရိုက်နှင့် လျှော်စာ ယဉ်ကျေး လိမ္မာအောင် ဆုံးမနိုင်ခြင်းဖြစ်သည်။)

၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ**=မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ကြမ်းတမ်း ရိုင်းပြ ဆိုးသွမ်းသော သတ္တဝါ အားလုံးကို

ပင် ယဉ်ကျေးအောင် ဆုံးမတော်မူ
နိုင်သည်။

၇။ **သတ္ထာဒေဝမနုဿာနံ** = မြတ်ဗုဒ္ဓ ရှင်တော်
ဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါ
အားလုံးတို့၏ ဆရာဖြစ်တော်မူသည်။

၈။ **ဗုဒ္ဓေါ**=မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် မေး
လာသမျှ-ဖြစ်ပေါ်လာသမျှပြဿနာ
အားလုံးတို့ကို အလွယ်တကူ တတ်သိ
နားလည်အောင် ဟောကြားပြောဆို
တော်မူနိုင်သည်။

၉။ **ဘဂဝါ**=မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် လေး
စားကြည်ညိုဖွယ် ကျက်သရေရှိသော
ရုပ်အဆင်း သဏ္ဌာန်နှင့် ပြည့်စုံတော်
မူသည်။ (ရှေးဘုန်း ရှေးကံကြောင့်
အသံ၏ ကောင်းခြင်း၊ အသားအရေ

၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အဆင်း လှခြင်း၊ လုံးရပ်သဏ္ဌာန် ခန့်ညား တင့်တယ်ခြင်းဌေသော [illegible]ယ်သရေ အားလုံးတို့နှင့် ပြည့်စုံတော်မူသည်။)

ဂုဏ်တော် ၉-ပါး ဆောင်ပုဒ်လက်ဝ

၁။ သူတော်ကောင်းမှန်၊ အရဟံ၊ ရှိပန် ဦးညွှတ်ရိုး။

၂။ သမ္မာသမ္ဗုဒ္ဓ၊ တုမရ၊ မုချ အတတ်ဆုံး။

၃။ ဝိဇ္ဇာစရဏ၊ သမ္ပန္န၊ ဘုန်းမျှား အကြီးဆုံး။

၄။ သုဂတ ဂုဏ်ရှောင်၊ မျှားကျိုး ဆောင်၊ အခေါင် အမြတ်ဆုံး။

၅။ လောကဝိဒူ၊ နုရင့်သူ၊ သုံးလူ့ဘုတ်ဘုန်း အဝယ်ဆုံး။

၆။ အနုတ္တရ၊ ပုရိသ၊ ဒမ္မ သာရထိ၊ ခိုင်းသူ ကြမ်းလူ၊ ထိုသည့်သူ၊ ဟုဉ်မူ ဖြစ်ပေတိ။

၇။ လူ နတ် ဗြဟ္မာ၊ မြတ်ဆရာ၊ သတ္ထာဒေဝ-
မနုဿာန။

၈။ ပြဿနာဖြေ၊ ရှင်းပြပေ၊ မြတ်တော ဂုဏ်ဗုဒ္ဓ။

၉။ သပ္ပါယ်ရုပ်ဆင်း၊ ပြိုင်ဘက်ကင်း၊ထွန်းလင်း
ဘဂဝါ။

ဂုဏ်တော်ကိုးပါး ဘုရာရှိခိုး

ဧဝံ နဝဟိ ဂုဏေဟိ၊
လောကမှိ ကိတ္တိဗျာပိတံ။
အတုလံ ဓမ္မရာဇာနံ၊
ဝန္ဒာမိ တိဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ=ဤသို့ အရဟံ·ဘဂဝါ၊ မနှင်းသာသည့်၊ ကိုးဖြာသောဂုဏ်တော်အပေါင်းတို့ဖြင့်။ လောကမှိ = ဘဝဂ် ဆုံးအောင်၊ သုံးဘောင်ဘဝ၊ သုံးလောကဌ။ ကိတ္တိဗျာပိတံ= သိမ့်သိမ့်တုန်ခတ်၊ ပဲ့တင်ထပ်မျှ၊ နှံ့စပ်ကျော်စောတော်မထသော။ အတုလံ = သီလ ခေါင်ထိ၊ သမာဓိနှင့်၊ ကြိုးဘိပညာ၊ လွန်ကဲသာ၍၊ ပြိုင်လာနှင်းသူ၊ အတူလည်း ရှိတော် မမူထသော။ ဓမ္မရာဇာနံ = သုံးဘုံလုံး မကိုင်ရ၊ သုံးဘုံကိုလုံး

မှန်ကူ၊ သုံးလူတို့ သင်းကျွစ်၊ ဓမ္မရာဇ် ထူတ်ထား၊ ရှင်တော် မြတ်ဘုရားကို။ အဟုံ=ဘုရားတပည့်တော်သည်။ တိဟိ=ကားယအဋ္ဌလိ၊ နှုတ်သံချီလျက်၊ ရှင်ကြည်မနော၊ သုံးပါးသော ပဏာမတို့ဖြင့်။ သာဒရံ=လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍။ ဝန္ဒာမိ=ဂုဏ်တော် ရှည်စူး၊ ကြည်နူးသဒ္ဓါ၊ ပဏာညွှတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဂုဏ်ဧတာ် ၉-ပါး မကျဉ်းမကျယ်

၁.အရဟံ ဂုဏ်တော်

(၁) အရဟံဂုဏ်တော်ရှင်သည် အမြင့်မြတ်ဆုံးသော သူတော်ကောင်းကြီး စင်စစ်ဖြစ်ပေသည်။

(၂) ကာယကံဒုစရိုက်၊ဝစီကံဒုစရိုက်၊ မနောကံဒုစရိုက်အားလုံးကို အကြွင်းမဲ့ ပယ်ပြီးတော်မူပြီ။

(၃) မကောင်းမှုဟူသမျှ လုံးဝ ကင်းစင်တော်မူပြီ။

(၄) ဘယ်အခါမျှ မကောင်းမှုကို မပြု။

(၅) ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို မပြု။

(၆) သူတပါးတို့ကို ကိုယ်ဆင်းရဲအောင် စိတ်ဆင်းရဲအောင် မပြု၊ မပြော၊ မကြံစည်။

(၇) သူတပါးတို့၏ ကိုယ်စိတ်၂-ပါး ချမ်းသာ
မှုကုသာ အလုံ့ရှိတော်မူသည်။

(၈) ကိုလေသာအားလုံးကို အမြစ်ပါမကျန်
အကုန်အစင် အကြွင်းမဲ့ပယ်ပြီးတော်မူပြီ။

(၉) သံယောဇဉ်အားလုံးကို အမြစ်ပါမကျန်
အကုန်အစင် အကြွင်းမဲ့ပယ်ပြီးတော်မူပြီ။

(၁၀) အထက်ပါ ဂုဏ်အရည်အချင်းတို့ကြောင့်
လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏
ပူဇော်အကူးကို ခံတော်မူထိုက်သည်။

[သံယောဇဉ် ၁၀-ပါး=ကာမရာဂ၊ ဘဝရာဂ၊
ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊
ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ အဝိဇ္ဇာ။
ကိုလေသာ ၁၀-ပါး = လောဘ၊ဒေါသ၊မောဟ၊
မာန၊ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ထိန၊ဥဒ္ဓစ္စ၊အဟိရိက၊
အနောတ္တပ္ပ။]

၂-သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

(၁) မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် လောကတစ်ခွင်လုံးဌာ ပြိုင်ဘက်မရှိ အတတ်ဆုံး အသိဆုံး ဖြစ်တော်မူသည်။

(၂) ဗဟုသုတအရာဌာ မသိတာဟူ၍ မရှိ၊ မည်သည့်အရာကိုမဆို အကြွင်းမဲ့ ဉာဏ် အလုံးစုံကို သိတော်မူသည်။မည်သည့်အကြောင်းအရာကိုမဆို အစအဆုံး အလုံးစုံ အကြွင်းမဲ့ သိတော်မူသည်။ အယူဝါဒဟူသမျှအားလုံးကို အကြွင်းမဲ့ သိတော်မူသည်။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့ဌာ ဖြစ်ပျက်သမျှတို့ကို အကြွင်းမဲ့ သိတော်မူသည်။

(၃) မသိတာဟူ၍ ဘာမျှမရှိ၊ သိသည်ချည်း ဖြစ်သည်။

(၄) သစ္စာလေးပါး အမှန်တရားကို ဆရာမရှိ အလိုလို ကိုယ်တော်တိုင် သိတော်မူသည်။

(၅) အရှာခပ်သိမ်းတို့၏ အမှန်သဘောကို တိုးထွင်းရှု သိတော်မူသည်။

(၆) အဆိုးအကောင်းသဘောကို ဝေဖန် ပိုင်းခြားရှု သိတော်မူသည်။

(၇) အသုံးစုံသော သဘောတရားတို့ကိုမဖောက်မပြန် မှန်ကန်စွာ သိတော်မူသည်။

၃.ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

(၁) မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ပြိုင်ဘက်မရှိ ဘုန်းတန်ခိုး အကြီးဆုံးဖြစ်တော်မူသည်။

(၂) ဝိဇ္ဇာဉာဏ်ဟု ခေါ်အပ်သော စျာန် အဘိ-ညာဉ် တန်ခိုးဣဒ္ဓိပါဒ်တို့နှင့် ပြည့်စုံတော်မူသည်။

(၃) ရန်အားလုံးကို ကာကွယ်တားမြစ်နိုင်သည့် ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူသည်။ မည်သည့် ရန်သူတို့က မဆို ဘေးအန္တရာယ် ပြုလာလျှင် ယင်းဘေးအန္တရာယ်တို့ကိုပျက်ပြယ်လွင့်ပျောက်စေနိုင်သည့် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသည်။

(၄) မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ အသက်ကို မည်သူကမျှ ဘေးအန္တရာယ်မပြုနိုင်။ (မြတ်စွာ

ဘုရားကို အသက်သေဆုံးအောင် မည်သူ ကမ္ဘ မသတ်နိုင်ချေ၊ သတ်နိုင်ရန်ကို မဆို ထားနှင့် အသားအရေတော် ပွန်းပဲ့ရုံမျှ သော်မှ မပြုနိုင်။)

(၅) ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံ စေသည့် အကျင့်၊ ဝဋ္ဋဆင်းရဲ ခပ်သိမ်းတို့မှ လွတ်မြောက်စေသည့်အကျင့်(=စရဏ)နှင့်ပြည့်စုံတော်မူသည်။

၄-သုဂတ ဂုဏ်တော်

(၁) မြတ်စွာဘုရားသည် ပရဟိတ သူတစ်ပါး အကျိုးကို ဆောင်ရွက်ရာ၌ ပြိုင်ဘက် မရှိ ဖြစ်သည်။

(၂) အခါခပ်သိမ်း နေ့ ညမပြတ် လူ, နတ်, ဗြဟ္မာ သတ္တဝါ ဗိုလ်၏ ကောင်းကျိုး ချမ်းသာ အတွက် မအားမလပ် ဆောင်ရွက်တော်မူ သည်။

(၃) သတ္တဝါ အားလုံးတို့ကို ချီးမြှင့်ရန် အခါ မလပ် အမြဲမပြတ် စောင့်မျှော် ကြည့်ရှုဆင် ခြင်ကာ နေတော်မူသည်။

(၄) နေ့ မိုး ဆောင်း နေ့ည သန်းခေါင် လင်း အားကြီး စသည်ဟူ၍ အခါမရွေး မည်သည့် အချိန်အခါမဆို သတ္တဝါတို့၏ ချမ်းသာ

ကောင်းကျိုးအတွက် ချက်ချင်းပင် ဆောင်ရွက်တော်မူသည်။

(၅) မည်မျှလောက်ပင် ခရီးဝေးကွာသောအရပ်ဖြစ်သော်ငြားလည်း ထိုအရပ်ဒေသ၌ ရှိသော သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာအတွက် ချက်ချင်းပင် သွားရောက်ဆောင်ရွက်တော်မူသည်။

(၆) သတ္တဝါအားလုံးတို့၏ ကောင်းကျိုး ချမ်းသာအတွက် ဆောင်ရွက်ဖို့ရန် မည်သည့်အခါမျှ ဝီရိယလျော့ခြင်း မရှိ၊ အစဉ်အမြဲကြိုးပမ်းဆောင်ရွက်တော်မူသည်။

(၇) သတ္တဝါတို့ ကောင်းကျိုးချမ်းသာ အတွက် လိုလားသော ဆန္ဒသည် မည်သည့်အခါမျှ လျော့ခြင်းမရှိ၊ အစဉ်အမြဲပင် သတ္တဝါတို့၏ ကောင်းကျိုးကို လိုလားတော်မူသည်။

(၇) သတ္တဝါတို့တတ်သိလိမ္မာကြ၍ ကောင်းကျိုး ချမ်းသာကို မျက်မှောက် ပြုနိုင်ကြစေရန် ဆုံးမသွန်သင် တရားဟောကြားတော်မူရာ၌ မည်သည့်အခါမျှ လျှောင်းတော်မမူ။ အချိန်ရှိသမျှ သတ္တဝါတို့အား တရားဟောကြား သွန်သင်ဆုံးမ ညွှန်ပြတော်မူသည်။

(၈) မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် အမြင့်မြတ်ဆုံး ပရဟိတကရုဏာရှင် မေတ္တာရှင်ကြီး သူတစ်ပါးအကျိုးဆောင်ကြီးဖြစ်တော်မူသည်။

၅-လောကဝိဒူဂုဏ်တော်

(၁) မြတ်စွာဘုရားသည် လောက သုံးပါးကို အကုန်အစင် အကြွင်းမဲ့ သိတော်မူသည်။

(၂) သြကာသလောကဟု ခေါ်သော မြေ ရေ လေ မီး, တော တောင် သမုဒ္ဒရာ, ကမ္ဘာ နေ လ, နက္ခတ်တာရာ, လူ. ဘုံ,နတ်ဘုံဗြဟ္မာ ဘုံ အပါယ်ဘုံ စသည့် သဘာဝအားလုံးတို့ ကို တစ်ခုမကျန်အကြွင်းမဲ့ သိတော်မူသည်။

(၃) သခါရလောကဟုခေါ်သော နာမ်ရူပ်တို့၏ ဖြစ်ပုံပျက်ပုံအကြောင်းတရား ၄-ပါး အား လုံးတို့ကိုလည်း အကြွင်းမဲ့ သိတော်မူသည်။

(၄) သတ္တဝေါကဟုခေါ်သောသတ္တဝါအားလုံး တို့အကြောင်းကိုအကြွင်းမဲ့သိတော်မူသည်။

(၅) သတ္တဝါ အသီးသီးတို့၏ကံ, ဉာဏ်, ဝီရိယ, စရိုက်, ဝါသနာ, အခြေခံ ဣန္ဒြေ အနုအရင့် ပါရမီဝတ်ခံ အနုအရင့်တို့ကို အကြွင်းမဲ့ သိတော်မူသည်။

(ထို့ကြောင့်သတ္တဝါတို့ကိုစရိုက်နှင့်လျော်စွာ ဆုံးမပဲ့ပြင်နိုင်သဖြင့် တတ်သိလိမ္မာ ယဉ်ကျေးကြ၍ လောကီချမ်းသာနှင့် မဂ်ဖိုလ်ချမ်းသာတို့ကို ရကြသည်။)

၆-အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

(၁) အနုန္တတန်ခိုးရှင်ဖြစ်တော်မူပြီး သတ္တဝါတို့၏ ဝါသနာစရိုက် ပါရမီဝတ်ခံ အနုအရင့်ကို အကြွင်းမဲ့သိတော်မူသော မြတ်ဗုဒ္ဓရှင်တော် ဘုရားသည် ရိုင်းပြခက်ထန် ကြမ်းတမ်းဆိုး သွမ်းသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်များကို ယဉ်ကျေးအောင် ဆုံးမ တော်မူနိုင်သည်။(ကြမ်းတမ်းဆိုးသွမ်းသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ မြတ်စွာဘုရားထက် သာလွန်သူမရှိချေ)။

(၂) လောဘ,ဒေါသ, မောဟ,မာန, ဒိဋ္ဌိစသည့် မကောင်းမှု အကုသိုလ်တို့ ဖုံးလွှမ်း ကြမ်း တမ်း ဆိုးသွမ်းသူတို့ကို ယဉ်ကျေးအောင် ဟောကြားညွှန်ပြ ဆုံးမတော်မူနိုင်သည်။

၇-သတ္တာဒေါမနုဿာနဂုဏ်တော်

(၁) အရာခပ်သိမ်းဟူသမျှ၌ အတတ်ဆုံး အသိဆုံးဖြစ်တော်မူခြင်း၊ ပြိုင်ဘက်ကင်း တုဘက်ကင်းအောင် တန်ခိုးအကြီးဆုံး ဖြစ်တော်မူခြင်း၊ သတ္တဝါ အားလုံးတို့၏ ဝါသနာစရိုက် အခြေခံသဘောနှင့် လိုက်လျောစွာ ဆုံးမတော်မူနိုင်ခြင်း၊ စိတ်ဓာတ် ခက်ထန်ရိုင်းပြ ကြမ်းတမ်း ဆိုးသွမ်းသူတို့ကို ယဉ်ကျေးအောင် ဟောကြားညွှန်ပြဆုံးမတော်မူနိုင်ခြင်း စသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် လူနတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အမြင့်မြတ်ဆုံးဦးစီးခေါင်းဆောင် ဆရာမြတ် စင်စစ် ဖြစ်တော်မူသည်။

(၂) အမှားမှ အမှန်သို့ ရောက်စေတော်မူ၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် နည်းပေးလမ်းပြ သွန်သင်ညွှန်ပြ ဆုံးမပေသော အခေါင်အဖျား အမြင့်မြတ်ဆုံး ဆရာကြီးဖြစ်တော်မူသည်။

ဂ.ဗုဒ္ဓဂုဏ်ခေတာ်

(၁) မြတ်စွာဘုရားသည် မည်သည့်အကြောင်း အရာကိုမဆို သတ္တဝါတို့ တတ်သိနားလည် အောင် ရှင်းလင်း ဟောကြားတော်မူနိုင်သည်။

(၂) မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် သတ္တဝါတို့၏ စရိုက်, ဝါသနာ, ပါရမီဓာတ်ခံနှင့် လျှော်ညီစွာ သစ္စာလေးပါး တရားတော်ကို နည်းအမျိုးမျိုးတို့ဖြင့် နားလည်အောင် ဟောကြားတော်မူနိုင်သည်။

(၃) ဗုဒ္ဓရှင်တော်ဘုရားသည် မေးလာ သမျှကို ကျေနပ်သဘောကျ နားလည်အောင် ရှင်းပြ ဟောကြားတော်မူနိုင်သည်။

(၄) ပေါ်ပေါက်လာသမျှ ပြဿနာများကို နားလည်အောင် ဖြေရှင်းဟောကြားတော်မူနိုင်သည်။

၉-ဘာဝါဂုဏ်တော်

(၁) မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် မည်သူမဆို ကြည်ညိုနှစ်သက် လေးစားရသော ရုပ်အဆင်းရူပကာယနှင့်ပြည့်စုံတော်မူသည်။

(၂) အပြစ်ခြောက်ပါးကင်းရှင်း အကျိုးကျေ ပြေပြစ်သည့် ရှင်တော်ဘုရား၏ ရူပကာယတော်ကို ဖူးမြင်ရသူတိုင်း မကြည်ညိုမလေးစားဘဲ မနေနိုင်၊ လေးစားကြည်ညိုကြရသည်သာ ဖြစ်သည်။

(၃) ဖူးမြင် ရသူတိုင်းကပင် အံ့သြ ရှုမောလောက်သည့် ယောဂျာပြုတ် တို၏ လက္ခဏာတော်ကြီး ၃၂-ပါး လက္ခဏာတော်ငယ် ၈၀ယတို့နှင့် ပြည့်စုံတော်မူသည်။ ●

(၄) မြတ်စွာဘုရား၏ အသံတော်သည် အင်္ဂါ ၈-ပါးနှင့် ပြည့်စုံ၍ အလွန် သာယာ နာပျော်ဖွယ်ဖြစ်သည်။

(၅) မြတ်စွာဘုရားကို မည်သူကမျှ နိုင်ထက် ကလူ မနှိပ်စက်နိုင်ချေ၊ မြတ်စွာဘုရား သည် မနှိုင်းယှဉ်အပ်သော တန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ (ဣသိရိယဘုန်းတော်)

(၆) ဝဋ္ဌဘင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက် ကြောင်းဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို အကြင်းမရှိ ကိုယ်တော်တိုင် သိတော်မူပြီ။ (မေဓာဘုန်းတော်)

(၇) မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော် တန်ခိုးတော်ဟူသည် လောက သုံးပါး အားလုံးဥပုဒ်လုံးပိုးပျံ့နှံ့ ထင်ရှားကျော်စော

သည်၊ ကြည်ညိုသည့် အခြေခံ တပည့် အများဆုံး ရှိတော်မူသည်။ (ယသဘုန်း တော်)

(၈) ရုပ်အဆင်းတော်သည် တင့်တင့်တယ်တယ် ကျက်သရေ ရှိတော်မူသည်။ (သိရီဘုန်း တော်)

(၉) သူတစ်ပါး အကျိုးကို ဆောင်ရွက်ရာ၌ တောင့်တတိုင်း အလိုတော်ရှိတိုင်း ပြည့်စုံ တော်မူသည်။ (ကာမဘုန်းတော်)

(၁၀) သတ္တဝါအားလုံး အလေးအမြတ် စံနမူနာ ယူရသည့် ဝိရိယဂုဏ်တော်မူသည်။ (ပယတ္တ ဘုန်းတော်)

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တိုက်ပုံ

မြတ်စွာဘုရား၏ ဂုဏ်တော်များမှာ အနန္တဖြစ်သည်၊ မရေမတွက်နိုင်။ ဝဏ္ဏီသရုဟန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အမျိုးမျိုးအဖုံဖုံ ဂါထာသီကုံး ဖွဲ့မဟုခဲ့သည်။ အဂ္ဂ-သာဝက လက်ယာတော်ရုံ အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည်လည်း မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို သီဟနာဒသုတ်၌ ချီးကျူးဖွဲ့ဆိုလျှောက်ကြားခဲ့သည်။ သို့သော်လည်း ဘုရား၏ ဂုဏ်တော်ကို မှာ အုံ့ချီးမကုန်နိုင်ပေ။

မြတ်စွာဘုရားသည် ဂုဏ်တော် ၉-ပါးကို အထူးဦးစားပေးရှု ဟောကြားတော်မူခဲ့သည်။ ဒီဃနိကာယ် သီလက္ခန္ဓဝဂ် တစ်ခုတည်း၌ပင် ရှင်တော်ဘုရားသည် ဂုဏ်တော် ၉-ပါးကို ၂၃-ကြိမ် တိုင်တိုင် ဟောဖော် ဖြေကြားတော်မူခဲ့သည်။ ဂုဏ်တော် ၉-ပါးကို သေချာကျွန်စွာ သိနား

လည်လျှင် မြတ်စွာဘုရားကို ကြည်ညိုတတ်လာ
မည်၊ အားကိုးမည်၊ ပူဇော်မည်၊ ဆည်းကပ်မည်။
နောက်ဆုံးဌ ဂုဏ်တော် ၉-ပါးကို ကောင်းစွာ
သိနားလည်သူသည် မြတ်စွာဘုရားအား မိမိ၏
ရုပ်,နာမ်,ခန္ဓာကိုယ်နှင့် အသက်ကိုပါ အပ်နှင်း
ကာ ကိုးကွယ် ပူဇော်သည်အထိ ကြည်ညိုလာမည်
ဖြစ်သည်။

ဂုဏ်တော် ၉-ပါးကို ကောင်းစွာ သိနားလည်သူ
သည် အဘယ့်ကြောင့်မိမိကိုယ်ကိုအပ်နှင်းပေးလျှ
ကာ ကိုးကွယ်ဆည်းကပ်ပါသနည်း။ စိစစ်ပါအုံ—
၁။ အရဟံ=ဂုဏ်တော်အရ မြတ်စွာဘုရားသည်
အပြင်မြတ်ဆုံး သူတော်ကောင်းကြီး
စင်စင်ဖြစ်သည်။ သတ္တဝါတို့ကို ရန်မပြု
ဝေးသည်မှာ မြေကြီးလောက်စေတ်မလဲ
သေချာ[illegible]သည်။ သတ္တဝါတို့၏ချမ်းသာ
[illegible]ကိုသာ လိုလားတော်မူသည်။

၂။ သမ္မာသမ္ဗုဒ္ဓ=ဂုဏ်တော်အရ မြတ်စွာဘုရား သည် မည်သည့်အရာကိုမဆိုအသိဆုံး အတတ်ဆုံး ပညာရှင်ကြီး ဖြစ်တော်မူသည်။ အမြင့်မြတ်ဆုံး သူတော်ကောင်းကြီး ပညာရှိကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆည်းကပ်ထိုက် လေးစားထိုက်သော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သည်။ ယုံမှားဖွယ်မရှိချေ။

၃။ ဝိဇ္ဇာစရဏသမ္ပန္နေ=ဂုဏ်တော်အရ မြတ်စွာဘုရားသည် လူ,နတ်,ဗြဟ္မာ,သတ္တဝါအားလုံး တို့ထက် မနှိုင်းယှဉ်နိုင်အောင် ပိုမိုတန်ခိုးကြီးတော်မူသည်၊ ဘေးရန်ဟူသမျှ အားလုံးလို တန်ခိုးတော်ဖြင့် တားဆီး ပယ်ဖျောက်နိုင်သည်။

ဤဂုဏ်တော် ၃-ပါး၏ အချုပ်အဓိပ္ပာယ်မှာ-

(က) အမြင့်မြတ်ဆုံး သူတော်ကောင်းကြီးဖြစ်သဖြင့် သတ္တဝါတို့အား ဆင်းရဲဒုက္ခဖြစ်အောင် မလုပ်သည့်ပြင် ချမ်းသာမှုကို လိုလားတော်မူခြင်း။

(ခ) အသိဆုံး အတတ်ဆုံး ပညာရှင်ကြီး ဖြစ်တော်မူသဖြင့် သတ္တဝါတို့အား အကျိုးစီးပွား တိုးတက်စေသည့် အတတ်ပညာ၊ အသိပညာတို့ကို သွန်သင်ပြသ ညွှန်ကြားတော်မူနိုင်ခြင်း။

(ဂ) တန်ခိုးအကြီးဆုံးဖြစ်၍ အနှောင့်အယှက်ဘေးရန်ဟူသမျှကို တားဆီးပယ်ဖျောက်တော် မူနိုင်ခြင်းတို့ ဖြစ်သည်။

ဤဂုဏ်တော်သုံးပါးနှင့် ပြည့်စုံခြင်းသည်ပင်လျှင် ဆည်းကပ်ကိုးကွယ်ထိုက်သော ဘုရားပြုတ်ဖြစ်တော်မူပြီ။ ယုံမှားဖွယ် မရှိတော့ပြီ။

ရှင်တော်ဘုရားသည် ကိုးကွယ် ဆည်းကပ်သူ တို့သို့ ကျရောက်လာသည့် ဘေးရန်အပေါင်းကို လွှင့်ဖျောက် ပယ်ဖျက်နိုင်သည်။ သတ်သိလိမ္မာ အောင် သွန်သင်ပြသဗဟုသုတပေးစွမ်းနိုင်သည်။ သတ္တဝါတို့၏ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာမှုကို လိုလားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည်။ ဤဂုဏ်တော် ၃-ပါးနှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်မြတ်ကို ဆည်းကပ်ပူဇော် ကိုးကွယ်ခြင်းသည်သာလျှင် အမှန်ဆုံး နည်းလမ်းဖြစ်၍ အမြင့်မြတ်ဆုံး ဆောင်ရွက်ချက် ဖြစ်ပေသည်။

ဤဂုဏ်တော်သုံးပါးသည် အခြေခံ အရင်း အမြစ်ဖြစ်သည်။ ကြွင်းသော ဂုဏ်တော် ၆-ပါး တို့မှာ အခြေခံ ဂုဏ်တော်သုံးပါးတို့၏ အမှမ်းတင် ဂုဏ်တော်မျှားဖြစ်သည်။

ကြွင်းသော ဂုဏ်တော် ၆-ပါးကို ပေါ်လွင်ထင်ရှားအောင် ထပ်မံရှင်းပြပါအံ့—

၄။ သုဂတ ဂုဏ်တော်။ ။မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် အချိန်အခါမရွေး နေရာမရွေး သတ္တဝါတို့အတွက် အကျိုးဆောင်တော်မူသည်။ ဆည်းကပ်ကိုးကွယ် သူတို့၏ ကောင်းကျိုးချမ်းသာအာဘွက်မှာမူ ဆိုဖွယ်ရာမရှိပြီ။ အမြဲမပြတ် စောင့်မျှော်ကြည့်ရှုကာ အကျိုး ဆောင်တော်မူသည်။ ဤသို့ပြိုင်ဘက်မရှိ သူတစ်ပါးအကျိုးဆောင်ကြီးဖြစ်ခြင်းသည်ပင် သုဂတဂုဏ်တော်နှင့် ပြည့်စုံတော် မူခြင်းဖြစ်သည်။

၅။ လောကဝိဒူဂုဏ်တော်။ ။သတ္တဝါတို့ဝတ်ခံဝါသနာစရိုက်ကို အသိဆုံးဖြစ်တော်

မူသည်။ဤဂုဏ်သည်ပင် လောကဝိဒူ ဂုဏ်တော်ဖြစ်သည်။ (ဤဂုဏ်သည် လောကဌ် သတ္တဝါတို့၏ကောင်းကျိုး ချမ်းသာကို အထိရောက်ဆုံး ဆောင် ရွက်ပေးနိုင်သည့် အချက် အချာ အကြောင်းရင်းတစ်ခုဖြစ်သော ဂုဏ် ဖြစ်သည်)

၆။ **အနုတ္တရေ ပုရိသဒမ္မသာရထိ။** ။ကြမ်းတမ်း ဆိုးသွမ်းခက်ထန်သူတို့ကို ယဉ်ကျေး အောင် ဆုံးမရာ၌ ပြိုင်ဘက်ကင်းဖြစ် တော်မူသည်။

မြတ်စွာဘုရားသည်သူတစ်ပါးတို့၏အကျိုးကို အဆောင်ရွက်ဆုံး ပုဂ္ဂိုလ်လည်းဖြစ်သည်။ သတ္တ ဝါတို့၏ အလိုဆန္ဒ ဝါသနာစရိုက်ကို အကြွင်းမဲ

အကုန်အစင် သိသူလည်း ဖြစ်သည်။ကြမ်းတမ်း ဆိုးသွမ်း ခက်ထန်သည့် စရိုက်ရှိသူတို့ကို ယဉ်ကျေးအောင်ဆုံးမနိုင်သူလည်းဖြစ်သည်။ ဤဂုဏ် အရည်အချင်းကိုနှင့် ပြည့်စုံသူဖြစ်လျှင် ကောင်း ကျိုးလိုလားသူတိုင်း ဦးထိပ်ထားကာဆည်းကပ် ထိုက်သူ ဖြစ်တော့သည်။

၇။ သတ္တာဒေဝမနုဿာနဂုဏ်တော်။ ။မြတ်စွာ ဘုရားသည် အမြတ်ဆုံးဆရာ ဖြစ် တော်မူသည်။ သတ္တဝါ အားလုံးကို စရိုက်အားလျော်စွာ တတ်သိလိမ္မာ အောင် သွန်သင်ဆုံးမ ညွှန်ပြနိုင် သဖြင့် အမြတ်ဆုံးဆရာဖြစ်ကြောင်း ယုံမှားဖွယ်မရှိပြီ။ ဤဂုဏ်သည်ပင် သတ္တာဒေဝမနုဿာနဂုဏ်တော် ဖြစ် သည်။

၈။ ဗုဒ္ဓဂုဏ်တော်။ ။မသိသည်ကို သိအောင်၊ မတတ်သည်ကို တတ်အောင်၊ နားမလည်သည်ကို နားလည် အောင် ဟောပြောနိုင်သည်။ ပြဿနာအမျိုးမျိုး အခက်အခဲ အမျိုးမျိုးတို့ကို အလွယ်တကူ တတ်သိ နားလည် အောင် ဖြေရှင်းဟောပြနိုင်သည်။ဤ ဂုဏ်သည်ပင် ဗုဒ္ဓဂုဏ်တော်ဖြစ်သည်။

၉။ ဘဂဝါ ဂုဏ်တော်။ ။ပြိုင်ဘက်မရှိအောင် ကြည်ညိုဖွယ် ရူပကာယ ရုပ်အဆင်း အင်္ဂါ ခန့်ညား တင့်တယ်တော်မူ၏။ ဖြင်သူတိုင်း လေးစားရသော ကိုယ် ခန္ဓာအလုံးအရပ် အချိုးကျခန့်ညား ပြေပြစ်သည်။အသံတော်သည်လည်း ကြားရသူတိုင်း၏ နားဌ် စုံလမ်းနှစ် သက်ဖွယ် သာယာလှသည်။ ဤဂုဏ်

သည် ဘဂဝါ ဂုဏ်တော် ဖြစ်သည်။ (ဆိုလိုသည်မှာ– နာမ်ပိုင်း ဆိုင်ရာ၊ တန်ခိုး၊ ပညာ၊ စေတနာ၊ ဝီရိယ စသည်တို့၌ အမြင့်မြတ်ဆုံးဖြစ်ရုံသာ မကသေး၊ ရူပ်အဆင်းတော် ရူပကာယမှာလည်း ပုကၠ မည်းနက် အချိုး အဆက် မကျသူ မဟုတ်၊ သံပြာ သံကြောင် အသံလည်း မဟုတ်၊ ကြည်လင်ပြိုလေးစားဖွယ် ခန္ဓာကိုယ်တင် ဟယ်ကြောင်း ဖော်ပြသော ဂုဏ်တော်ဖြစ်သည်။)

အထက်ပါ ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံလျှင် စင်စစ်ကေန် ဦးထိပ်ပန်းလာ ကိုးကွယ်ဆည်းကပ်ပူဇော်ထိုက်သည်မှာ ယုံမှားဖွယ် အလျင်း မရှိတော့ပြီ။ အသက်ကိုပင် အပ်နှင်းပေးလျှက်ကာ ကိုးကွယ်ထိုက်ကြောင်း ထင်ရှားပေပြီ။

ကိုးကွယ်ပူဇော်ထိုက်သည့် အမြတ်ဆုံးဘုရား ရှင်ဖြစ်တော်မူပုံကို ပေါင်းရုံးကာ အချုပ်အား ဖြင့် ထပ်မံရှင်းပြပါဦးအုံ—

၁။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် မကောင်းမှု ဟူသမျှ မကျူးလွန်သည့် သူတော်ကောင်း ကြီး ဖြစ်သည့်အပြင် သတ္တဝါအားလုံးတို့၏ ကောင်းကျိုး ချမ်းသာကိုသာ လိုလား တောင်မှသည်။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓ ရှင်တော်ဘုရားကို စိတ်ငြိမ်းချမ်းလိုသူတိုင်း ကိုးကွယ်ဆည်းကပ် ပူဇော်ထိုက်သည်။

၂။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် သတ္တဝါအား လုံးကို အရာခပ်သိမ်းဟူသမျှ တတ်သိလိမ္မာ အောင် သွန်သင်ဆုံးမ ညွှန်ပြနိုင်သော အတတ်ဆုံး အသိဆုံး ပညာရှိကြီး ဖြစ်တော် မူသည်။ ထို့ကြောင့် အတတ်ပညာရှင် အသိ

ပညာရှင် ဖြစ်လိုသူတိုင်းတို့က ကိုးကွယ်ဆည်းကပ် ပူဇော်ထိုက်သည်။

၃။ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဘေးရန်ဟူသမျှ အနှောင့်အယှက်ဟူသမျှကို တားဆီး ကာကွယ် ပေးနိုင်သော ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံသည်။ အစဉ်မပြတ် အခါမလပ် နည်းအမျိုးမျိုးတို့ဖြင့် အကာအကွယ် ပေးတော်မူသည်။ ထို့ကြောင့် ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ ကင်းရှင်း လွတ်မြောက်လိုသူတိုင်း ကိုးကွယ်အားထား ဆည်းကပ် ပူဇော်ထိုက်သည်။

၄။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် သတ္တဝါအားလုံးတို့၏ ကောင်းကျိုးအတွက် အခါမလပ် ဟောင့်ကြည့်ပြီး တစ်ဖီဇနာ တစ်စက္ကန့် လောက်မျှသော်မှ မဆိုင်းမတွန့် ချက်ချင်း

ပင် ဆောင်ရွက်ပေးတော်မူသည်။အမြင့်မြတ်ဆုံး ပရဟိတပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသည်။ ထို့ကြောင့် အကျိုးစီးပွားလိုလားသူ သတ္တဝါတိုင်း ကိုးကွယ်ဆည်းကပ် ပူဇော်ထိုက်သည်။

၅။ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သတ္တဝါတိုင်း၏ စရိုက် ဝါသနာ စိတ်ဓာတ် အရင်းခံ တို့ကို အတိအကျ သေသေချာချာ သိတော်မူရာ၌ ပြိုင်ဘက်ကင်းသူဖြစ်သည်။ စရိုက်ဓာတ်ခံနှင့် လျော်စွာ လိမ္မာအောင် ဆုံးမညွှန်ပြတော်မူနိုင်သည်။ ထို့ကြောင့် ဘဝသစ် လူသစ် စိတ်သစ်ထူထောင်ကာ တတ်သိလိမ္မာပြီး ကောင်းကျိုးချမ်းသာကို လိုလားသော သတ္တဝါတိုင်း ကိုးကွယ်ဆည်းကပ် ပူဇော်တိုက်သည်။

၆။ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် စိတ်ဓာတ် ရိုင်းပြ ခက်ထန်ဆိုးသွမ်းသူတို့ကိုပင် စရိုက်အား

လျော်စွာ ယဉ်ကျေးအောင် ဆုံးမတော်မူ နိုင်၍ ကောင်းမှု၌ တည်စေတော်မူနိုင်သည်။ ထို့ကြောင့် သတ္တဝါတိုင်း ဆည်းကပ်ကိုးကွယ် ပူဇော်ထိုက်သည်။

၂။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် သတ္တဝါအားလုံးတို့၏ ဂေဝင်းကျိုး ချမ်းသာ အတွက် ညွှန်ပြသွန်သင်တော် မူနိုင်သော အမြတ်ဆုံး ဆရာဖြစ်တော်မူသည်။ ထို့ကြောင့် သတ္တဝါတိုင်း ဆည်းကပ်ကိုးကွယ် ပူဇော်ထိုက်သည်။

၃။ သတ္တဝါတို့ မသိတာ ဟူသမျှ နားမလည်တာ ဟူသမျှ မတတ်တာ ဟူသမျှတို့ကို တတ်သိ နားလည်အောင် ဟောနိုင်သည်။ သင်ပြနိုင်သည်။ မေးလာသမျှ ပြဿနာဟူသမျှကို ရှင်းပြ ဖြေဆိုတော်မူနိုင်သည်။ ထို့ကြောင့် ယုံမှားသံသယများကို ပယ်ဖျောက် လိုသူတိုင်း ဆည်းကပ်ကိုးကွယ် ပူဇော်ထိုက်သည်။

၉။ ဦးစီးဦးကိုင် ရှေသွားခေါင်းဆောင်တင်ထိုက်သည့် ခန့်ညားတင့်တယ်သော ရုပ်အဆင်း၊ အရုပ်အမောင်း၊ အသံသြဇာနှင့်ပြည့်စုံတော်မူသည်။ ထို့ကြောင့် ရုပ်အဆင်း ရှုပဂၢဟယ ကျက်သရေရှိသူကို ရှေသွားခေါင်းဆောင်အဖြစ် တင်ထားလိုသူတိုင်းပင်မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပူဇော်ထိုက်ပေသည်။

အချုပ်အားဖြင့်—

၁။ အမြတ်ဆုံးသော သူတော်ကောင်းကြီး ဖြစ်ခြင်း၊အပြစ်အကင်းဆုံးအဖြူစင်ဆုံးဖြစ်ခြင်း။

၂။ တုဖက်ကင်း ပညာကြီးခြင်း၊ အသိဆုံး အတတ်ဆုံးဖြစ်ခြင်း။

၃။ ပြိုင်ဖက်ကင်း တန်ခိုးကြီးခြင်း။

၄။ သူတစ်ပါးတို့ အကျိုးကို အလိုလားဆုံးဖြစ်ခြင်း၊ သူတစ်ပါးတို့ အကျိုးကို ပြိုင်ဖက်မရှိ ဆောင်ရွက်သူဖြစ်ခြင်း။

၅။ သူတစ်ပါးတို့၏ ဝါသနာစရိုက် ဓလေတ်ခံ အနှုအရင့်ကို အကြွင်းမဲ့ သိခြင်း။

၆။ ကြမ်းတမ်းခက်သန် ဘိုးသွမ်းသူများကို ယဉ်ကျေး လိမ္မာအောင် ဆုံးမ ဟောကြားနိုင်ခြင်း။

၇။ သတ္တဝါအားလုံးတို့၏ အထွတ်အထိပ် ဆရာဖြစ်တော်မူခြင်း။

၈။ မသိနားမလည်သည့် အရာဟူသမျှကို ရှင်းပြပြောဘို့ ဟောကြားနိုင်တော်မူခြင်း။

၉။ ရှေသွား ခေါင်းဆောင် ထားဆိုက်အောင် ရုပ်ရည် ရူပကာယ သန့်ရှင်း ကြည်လင် တင့်တယ်ခန့်ညားခြင်း–

ဣ၀ုတ် အရည်အချင်းတို့နှင့် ပြည့်စုံသူသည် လောကအားလုံး၏ အထွတ်အထိပ် ထားအပ်သော အမြတ်ဆုံးပုဂ္ဂိုလ်ကြီး ဖြစ်ပေတော့သည်။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ဣ၀ုတ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသည်။ ထို့ကြောင့် ဦးထိပ်ထား၍ ရှိခိုးပူဇော်ထိုက်လှပေတော့သည်။

ကိုယ့်ကိုယ်ကိုသာ အားကိုးရမည်

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

အတ္တာဟိ=မိမိသည်သာလျှင်။ အတ္တနော= မိမိ၏။ နာထော=ကိုးကွယ် အားထားရာ ပေတည်း။

ပရော=မိမိမှတစ်ပါးသော။ ကော=အဘယ်သူသည်။ နာထော=ကိုးကွယ်ရာသည်။ သိယာ= ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာ ဟိ = မိမိသည်သာလျှင်။ သုဒန္တေန=ကောင်းစွာ ယဉ်ကျေးသဖြင့်။ ဒုလ္လဘံ=ရနိုင်ခဲသော။ နာထံ=ကိုးကွယ်ရာကို။ လဘတိ=ရနိုင်ပေ၏။

ဘာမဆို အောင်ရမည်

ဆန္ဒဝတော ကိုံနာမ ကမ္မံ နသိဗ္ဗတိ။
ဝိရိယဝတော ကိုံနာမ ကမ္မံ နသိဗ္ဗတိ။
စိတ္တဝတော ကိုံနာမ ကမ္မံ နသိဗ္ဗတိ။
ပညဝတော ကိုံနာမ ကမ္မံ နသိဗ္ဗတိ။

ဆန္ဒဝတော=ပြင်းပြသော အလိုဆန္ဒ ရှိသူအား။ ကိုံ နာမ=အဘယ်မည်သော။ ကမ္မံ=အမှုကိစ္စဟူသမျှသည်။ နသိဗ္ဗတိ = မပြီးစီးဘဲ ရှိနိုင်ပါအုံ့နည်း၊ သိဗ္ဗတိ ဝေ=မုချအမှန် ကောင်းပြီးစီး အောင်မြင်ရမည်သာတည်း။

ဝိရိယဝတော=လွန်ကဲသော လုံ့လဝိရိယရှိသူအား။ ကိုံ နာမ=အဘယ်မည်သော။ ကမ္မံ=အမှုကိစ္စ ဟူသမျှသည်၊ နသိဗ္ဗတိ=မပြီးစီးဘဲ ရှိနိုင်

ပါအံ့နည်း။ သိဗ္ဗတိ ဧဝ=မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

စိတ္တဝေတာ=ထက်သန်သော စိတ်ရှိသူအား။ ကိ နာမ=အဘယ်မည်သော။ ကမ္မံ=အမှုကိစ္စ ဟူသမျှသည်။ နိ သိဗ္ဗတိ=မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဗ္ဗတိ ဧဝ=မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

ပညဝေတာ = ထက်မြက်သော ပညာရှိသူအား။ ကိ နာမ=အဘယ်မည်သော။ ကမ္မံ= အမှုကိစ္စဟူသမျှသည်။ နိ သိဗ္ဗတိ = မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း၊ သိဗ္ဗတိ ဧဝ=မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

(ခ) ၀၀၀၀၀ ၆၀-ဖွင့်-ဥပဒေ—၁၄၄၄—ပမ ၅-သ ၁-၀—

CC
১৬৯৮